# စကော့တလန်တွင် နေထိုင်ခြင်း

ဧပြီ ၂၀၁၁

Life in Scotland - Burmese

စကော့တလန်တွင် ဘဝသစ်စတင်ရာတွင် အချိန်ယူကူးပြောင်းရပေမည်။ ဤစာစောင်သည် သင့်အား စကော့တလန်တွင် လူများ မည်သို့ ပြုမူနေထိုင်ပြောဆိုကြသည်ကို နားလည်သဘောပေါက် စေပါမည်။ သင်၏အမိနိုင်ငံနှင့် မတူခြားနားနိုင်သော ဓလေ့ထုံးစံများ၊ လူများ၏ပြုမူနေထိုင် စောင့်စည်းပုံများ ၊ ဥပဒေနှင့် စည်းကမ်းများကို အတိုချုပ်ဖေါ် ပြထားပါသည်။

## ဥပဒေအရ အသက်ကန့် သတ်ချက်များ

သာမန်အားဖြင့် အသက် ၁၈နှစ်ပြည့်ပြီးသူတိုင်း လူကြီးသို့ မဟုတ် ဥပဒေအရ အရွယ်ရောက်ပြီးသူဟု သတ်မှတ်သည်။ သို့သော် တရားဥပဒေအရ အရွယ်ရောက်မှုသည် အောက်ဖေါ်ပြပါကဲ့သို့ လုပ်ရှားမှုအပေါ်မူတည်၍ ခြားနားမှုရှိသည်။

- အရက်သောက်နိုင်ရန် အသက်သည် – ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်။
- ဆေးလိပ်သောက်နိုင်ရန် အသက်သည် – ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်။
- ကားမောင်းလိုင်စင် ရရှိရန် အသက်သည် – ၁၇ နှစ်ပြည့်ပြီးဖြစ်ရမည်။
- ပညာသင်ရပ်စဲနိုင်ရန် အသက်သည် – ၁၆ နှစ်ပြည့်ပြီးဖြစ်ရမည်။

## ခလေးသူငယ်များ

- သားသမီးများ အသက် ၁၈နှစ်အထိ မိဘများ၏ တာဝန်ဟု သတ်မှတ်သည်။
- စောင့်ရှောက်မည့်သူမပါဘဲ ခလေးသူငယ်များအား အများသူငါ ရှိရာနေရာများတွင်သော်၄င်း၊ အိမ်တွင်သော်၄င်း၊ မထားခဲ့ရ။
- ခလေးများအား ရိုက်နှက်ခြင်း သို့ မဟုတ် ပါးရိုက်ခြင်းကို ခွင့်မပြု။



## ဆေးလိပ်သောက်ခြင်း

- ဤသို့ သော ဆေးလိပ်မသောက်ရ ဆိုင်းဘုတ်ရှိသည့်နေရာတိုင်းတွင် ဆေးလိပ်မသောက်ရ။
- ရုံးများ၊ စားသောက်ဆိုင်များ၊ အရက်ဆိုင်များနှင့် ရုပ်ရှင်ရုံများ အပါအဝင် မည်သည့်အများပြည်သူ စုဝေးရာနေရာတွင်မှ အဆောက်အဦးအတွင်းနှင့် အလုံပိတ်နေရာများတွင် ဆေးလိပ်သောက်ခွင့်မပြု။
- ဆေးလိပ်သောက်ခွင့်မပြုသောနေရာတွင် ဆေးလိပ်သောက်ခြင်းအတွက် ဒဏ်ငွေရိုက်ခြင်း ခံရနိုင်သည်။
- ဆေးလိပ်သောက်ခြင်းကို အပြင်တွင်၄င်း၊ သင်၏ အိမ်ရှင်မှ တားမြစ်မထားလျှင် သင်၏ အိမ်တွင်သော်၄င်း၊ ကားကို အလုပ်အတွက်အလို့ ငှာ အသုံးပြုခြင်းမဟုတ်လျှင် ကားထဲတွင်၄င်း ခွင့်ပြုထါးသည်။

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

**အရက်သောက်ခြင်း**

- လမ်းပေါ် သို့ မဟုတ် ပန်းခြံများ စသည့် အများပြည်သူဆိုင်ရာနေရာများတွင် အရက်သောက်ခြင်းကိုတားမြစ်ထားသည်။ ကျူးလွန်ပါက ဒဏ်ငွေချခြင်းခံရနိုင်သည်။

**ဓါး ကိုင်ဆောင်ခြင်း။**

- ဓါး သယ်ယူကိုင်ဆောင်ခြင်းသည် စကော့တလန်တွင် ဥပဒေနှင့် ဆန့် ကျင်သည်။ သင်သည် ရဲမှ ရပ်ဆိုင်းစစ်ဆေးစဉ် ကိုယ်တွင် ဓါးပါရှိပါက သင်သည် အဖမ်းခံရနိုင်သည်။
- ကျောင်းများတွင် ဓါး ကိုင်ဆောင်ခြင်းကို ခွင့်မပြုပေ၊

**အမှိုက်ကို ကြုံရာတွင်ပစ်ခြင်း။**

- လမ်းပေါ်တွင် အမှိုက်သို့ မဟုတ် မလိုချင်သောပစ္စည်းများ လွှင့်ပစ်ခြင်း၊ ချထားခြင်း အတွက် ဒဏ်ငွေ ပေါင်၅၀အထိရိုက်နိုင်သည်။

**လူလူခြင်း ခွဲခြားမှု**

- တဦးတယောက်သောသူအား အသက်အရွယ်ကြောင့်သော်၄င်း၊ မသန်းစွမ်းမှု၊ ကျားမကွဲပြားမှု၊ လိင်ခွဲစိတ်ပြောင်းလဲမှု၊ လိမ်တူခြင်း အတူနေ အိမ်ထောင်ပြုမှု၊ ကိုယ်ဝန်ရှိမှုနှင့် သားသယ်မိခင်ဖြစ်မှု၊ လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ယုံကြည်မှု၊ သို့ မဟုတ် ကျား၊ မ စိတ်ဝင်စားမှု၊ အပေါ်အခြေခံ၍ လူလူချင်းခွဲခြားခြင်း၊ခွဲခြားခံရခြင်းသည် ဥပဒေနှင့် ဆန့် ကျင်၏။
- စိတ်ပင်ပန်းနွမ်းနယ်အနှောက်အယှက် ဖြစ်အောင်လုပ်ခြင်းသည် ဥပဒေနှင့် ဆန့် ကျင်ပြီး တရားအစွဲခံရနိုင်သည်။
- ကိုယ်အမူအရာဖြင့်၄င်း၊ နှုတ်ဖြင့်၄င်း စိတ်ပင်ပန်းနွမ်းနယ်အနှောက်အယှက်ဖြစ်အောင်လုပ်ခြင်း ခံရလျှင် ရဲ သို့ တိုင်ကြားသင့်သည်။ စကော့တလန် ဒုက္ခသည်များကောင်စီ သို မဟုတ် လူမှုဆက်ဆံရေးနှင့် ဆန့် ကျင်သော ကိုယ်အမူအယာဆိုင်ရာအလုပ်တပ်ဖွဲ့ ဖုံး – ၀၈၀၀ ၀၂၇ ၃၉၀၁ သို ဖုံးဆက်၍ တာဝန်ရှိသူတဦးဦးထံ အကူအညီတောင်းနိုင်ပါသည်။

**အမျိုးသမီးများအပေါ် ကြမ်းတမ်းမှု**

- အမျိုးသမီးများအပေါ် ကြမ်းတမ်းမှုတွင် အိမ်တွင်းကြမ်းတမ်းမှု၊ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ ပြည့်တန်ဆာမှု၊ ကာမဆိုင်ရာ ဓါင်းပုံဖြတ်မှုနှင့် လူကုန်ကူးရောင်းစားမှု၊ လူမမယ်များအား ကာမရာဇအတွက် မတော်မတရားပြုမှု၊ အမျိုးသမီးအင်္ဂါ ကို ရှပ်အဆင်းဖျက်မှု (FGM)၊ အတင်းအဓမ္မ အိမ်ထောင်ချ ပေးစားမှု၊ ချစ်သူ သို့ မဟုတ် အိမ်ထောင်ဖက် အလုံခံရ၍ ကလဲ့စားချေသောရာဇဝတ်မှု၊ တို့ ပါဝင်နိုင်သည်။
- စကော့တလန်ရှိ အမျိုးသမီးကြီးငယ်မရွေးအားလုံးသည် အမျိုးသမီးများအပေါ် ကြမ်းတမ်းရက်စက်မှု မှန်သမျှမှ ကင်းဝေးရန် ဥပဒေအခွင့်အရေးရှိသည်။
- အိမ်ထောင်တွင်း ကြမ်းတမ်းမှုတွင် ခန္ဓာကိုယ်ပိုင်ဆိုင်ရာအလွဲသုံးစား၊ ကာမဆိုင်ရာအလွဲသုံးစား၊ စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစား။ ငွေရေးကြေးရေးဆိုင်ရာ အလွဲသုံးစား ပြုခြင်းတို့ ပါဝင်နိုင်သည်။
- မည်သည့် အိမ်ထောင်တွင်းကြမ်းတမ်းမှုကိုမဆို ရင်ဆိုင် ခံစားနေရသူမည်သူမဆိုသည် သတင်းလုံခြုံ သိုသိပ်မှုရှိသည့်အကူအညီနှင့် အထောက်ပံ့ ကို တောင်းခံနိုင်သည်။

အောက်ပါကဲ့သို့ သောအဖွဲ့ အစီးများမှ အကူအညီနှင် အကြံ့ညဏ် များတောင်းခံနိုင်ပါသည်။

- Scottish Women's Aid Domestic Abuse Helpline: 0800 027 1234 (24hrs)
  စကော့တလန် အမျိုးသမီးများ၏ အိမ်တွင်းကြမ်းတမ်းမှု အကူအညီ ဖုံးလိုင်း – ၀၈၀၀ ၀၂၇ ၁၂၃၄ (၂၄နာရီ)
- National Rape and Sexual Assault Helpline: 08088 01 03 02
  နိုင်ငံလုံးဆိုင်ရာ အဓမ္မပြုကျင့်မှုနှင့် ကာယိန္ဒြေဖျက်လက်ရောက်ကြူးလွန်မှု ဆိုင်ရာ အကူအညီ ဖုံးလိုင်း –၀၈၀၀ ၀၁ ၀၃ ၀၂
- Archway Glasgow: 0141 211 8175 ဂလာစ်ဂို အာ့ချ်ဝေး(မှတ်တံခါး) – ၀၁၄၁ ၂၁၁ ၈၁၇၅

**ဓလေ့ထုံးစံကွာခြားမှုနှင့် လက်ခံနိုင်သောကိုယ်အမူအရာ**

အချို့ ကိုယ်အမူအရာကို ဥပဒေအရ ဖေါ်ပြမထားသော်လည်း စကော့တလန်၏ဓလေ့ထုံးစံနှင့် မျှော်လင့်ချက် တို့ သည် သင့်အမိနိုင်ငံနှင့် ကွာခြားနိုင်ပေသည်။ ယင်းတို့ ထဲတွင် အောက်ပါတို့ ပါဝင်နိုင်သည် –

- တဦးနှင့်တဦး အကြား နေရာဘယ်လောက် ခြားနေသင့်သည်။ ခန္ဓာကိုယ်ချင်း ထိတွေ့ မှု လက်ခံနိုင်သည့် အတိုင်းအတာသည် တနိုင်ငံနှင့်တနိုင်ငံ ခြားနားတတ်ပေသည်။ ယူကေတွင် လူအုပ်ထဲတွင်ပင် တဦးချင်းသည် တကိုယ်ရည်စိတ်သက်သာရန် အသင့်အတင့် နေရာချန်သင့်သည်ဟု သာမန်အားဖြင့် ယုံကြည်ကြသည်။
- လူအစုလိုက် အထူးသဖြင့် လူရွယ်ယောက်ျားလေး အုပ်စုလိုက်စုဝေးနေခြင်းသည် ကြောက်လန့် ဖွယ်ဟု မြင်နိုင်သည်။
- အမျိုးသမီးသို့ မဟုတ် အမျိုး သားတဦးအား သာမန်အားဖြင့် – ဟဲလို– ဟု နုတ်ဆက်သည်၊ သို့ မဟုတ်လက်ဆွဲနုတ်ဆက်ရန် လက်ကမ်းသည်။ တခါတရံ ဟဲလိုဟုနုတ်ဆက် ရင်းလက်ကမ်း တတ်သည်။

**ယူကေတွင် ကားမောင်းခြင်း**

သင်သည် ယူကေတွင် ခိုလှုံခွင့်လျှောက်ထားပြီးသော်လည်း နေထိုင်ရန် ခွင့်ပြုချက်မရသေးလျှင် မတ် ၂၅ ၊၂၀၁၀ ခုနှစ် မှစ၍ ကားမောင်းလိုင်စင် လျှောက်ထားခွင့်မရှိတော့ပါ။။

သင့်တွင် တရားဝင် မော်တော်ယဥ်အသုံးပြုပိုင်ခွင့်ရှိလျှင် သင့်တွင်အောက်ပါတို့ ရှိရမည်။

  - လက်ရှိ တရားဝင်ကားမောင်းလိုင်စင်၊
  - ကား အာမခံ၊
  - သင်၏ယဥ်သည် အွန္တရယ်မရှိဟု ဖေါ်ပြသည့် သယ်ယူပို့ ဆောင်ရေးဝန်ကြီးဌာန(MOT)မှ  သက်တမ်းရှိ  သက်သေခံလက်မှတ်၊
  - လက်ရှိသက်တမ်းမကုန်သေးသည့် လမ်းခွန်ဆောင်ပြီးအမှတ်တံဆိပ်ဝိုင်း။

- သင့်ထံတွင် ယူကေပြင်ပနိုင်ငံတခုမှ ထုတ်ပေးသည့် သက်တမ်းရှိ တရားဝင်ကားမောင်းလိုင်စင်ရှိပြီး စာရွက်စာတမ်းသက်သေလည်း ရှိလျှင်၊ သင်၏ ပြည်ပလိုင်စင်ဖြင့် ယူကေတွင် သင်ယူကေသို့ စရောက်သည့် နေ့ မှစ၍ ၁၂လတိုင်တိုင်သုံးစွဲ မောင်းပိုင်ခွင့်ရှိသည်။
- အရက်သို့ မဟုတ် မူးယစ်ဆေး အရှိန်သြဇာဖြင့် ကားမောင်းလျှင် သင့်အား ဥပဒေနှင့်အညီ တရားစွဲဆိုခံရနိုင်သည်။

**ရုပ်မြင်သံကြားလိုင်စင်များ**

- သင့်တွင် ရုပ်မြင်သံကြားရှိလျှင် ရုပ်မြင်သံကြားလိုင်စင် ဝယ်ယူရမည်။
- လိုင်စင်ဝယ်ရန် **၀၃၀၀ ၇၉၀ ၆၁၃၁** အား ဖုံးခေါ်၍ ၄င်း။ အင်တာနက်ဝက်ဘ်စိုက် www.tvlicensing.co.uk  မှ တဆင့်၄င်း ပြုလုပ်နိုင်သည်။ သို ့မဟုတ် ကျွတ်ံဆိပ်ပါသော မည်သည့်ဆိုင်တွင်မဆို ဝယ်ယူနိုင်ပါသည်။